နောက်ဆက်တွဲ (က)

**အကောက်ခွန်ဦးစီးဌာန**
**ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ**

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၂၄-၆-၂၀၂၆ ရက်နေ့ နံနက် (၁၀:၀၀) နာရီ၊

(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

(ဂ) ပစ္စည်းအမျိုးအမည် - လူသုံးကုန်ပစ္စည်းများနှင့် အထွေထွေကုန်ပစ္စည်းများ၊

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့်လေလံပစ္စည်းစာရင်းပူးတွဲလျှက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀/-) (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ၁၅-၆-၂၀၂၆ ရက်နေ့နှင့် ၁၆-၆-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၇-၆-၂၀၂၆ ရက်နေ့နှင့် ၁၈-၆-၂၀၂၆ ရက်နေ့ ရုံးချိန်အတွင်း အာမခံစပေါ် ငွေပေးသွင်းခြင်းကို လက်ခံသွားမည်ဖြစ်ပါသည်၊

(င) ပစ္စည်းပြသမည့်အချိန် - အာမခံစပေါ်ငွေပေးသွင်းသူများကိုသာ ၁၇-၆-၂၀၂၆ ရက်နေ့မှ ၂၂-၆-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက် နံနက် (၁၀:၀၀)နာရီ မှ ညနေ (၁၆:၀၀) နာရီ အထိ **(၄) ရက်** ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန် (ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း (၀၉-၄၂၀၀၀၅၉၂၀) နှင့် (၀၉-၂၅၄၀၇၃၃၀၂) သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**